MAGDPL

MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC CO., LTD



# THE ANNUAL REPORT

## 2023-2024

MAGDPL

MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC CO., LTD

## မြန်မာ့လယ်ယာထွက်ကုန်နှင့်အထွေထွေဖွံ့ဖြိုးတိုးတက်ရေး
## အများပိုင်လီမိတက် (MAGDPL)

ကောဒသမအကြိမ်နှစ်ပတ်လည်အထွေထွေအရပ်ရပ်အစည်းအဝေး

သို့ တင်ပြသည့်

အမှုဆောင်ဒါရိုက်တာအဖွဲ့

၏

# အစီရင်ခံစာ

# THE ANNUAL REPORT

## 2023-2024

# TABLE of CONTENTS


| | |
|---|---|
| Chairman Message | 01 |
| ကုမ္ပဏီ စတင်ဖွဲ့စည်းတည်ထောင်ခြင်း | 03 |
| ကုမ္ပဏီတည်ထောင်ရခြင်း၏ ရည်ရွယ်ချက် | 03 |
| Pre Listing Board တွင် MAGDPL မှ ပထမဆုံး မှတ်ပုံတင်ကုမ္ပဏီအဖြစ် ဝင်ရောက်ခြင်း | 04 |
| ကုမ္ပဏီ၏ လုပ်ငန်းဆောင်တာများ | 05 |
| ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ | 05 |
| ဆုံးရှုံးနိုင်သည့် အချက်များ | 06 |
| Vision, Mission & Core Vlaues | 07 |
| ကုမ္ပဏီဖွဲ့စည်းတည်ဆောက်ပုံဇယား | 09 |
| ကုမ္ပဏီမတည်ရင်းနှီးငွေနှင့် အများပြည်သူရှယ်ယာထည့်မှု | 10 |
| ကုမ္ပဏီမှ ရင်းနှီးမြှုပ်နှံမှုများ | 10 |
| ဘုတ်ကော်မတီနှင့် ကော်မတီအဖွဲ့ဝင်များ | 13 |
| ဒါရိုက်တာအဖွဲ့ဝင်များ | 15 |
| စီမံခန့်ခွဲရေးအဖွဲ့ဝင်များ | 38 |
| ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးကျင်းပမှုအခြေအနေ | 38 |
| ဒသမအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပခြင်း | 39 |
| ဒါရိုက်တာအဖွဲ့ဝင်များ၏ အစုရှယ်ယာပါဝင်မှု အခြေအနေ | 40 |
| MAGDPL Major Shareholder List - Top 10 | 41 |
| အမြတ်ဝေစု ခွဲဝေပေးခြင်း | 42 |
| ဘဏ္ဍာရေးရှင်းတမ်း၏ ဝင်ငွေအလုံးစုံပါဝင်သော ရှင်းတမ်းပေါင်းချုပ် | 43 |
| ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်းအနှစ်ချုပ် | 44 |
| နိဂုံး | 46 |
| ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းများ | 47 |




# CHAIRMAN's Message

မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင် ကုမ္ပဏီ လီမိတက် (MAGDPL) ၏ ၂၀၂၃-၂၀၂၄ ခုနှစ်အတွက် တာဝန်ယူဆောင်ရွက်ခဲ့သည့် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာကို အစုရှယ်ယာရှင်များ၏ ၁၀-၁၁-၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ကောဒသမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးသို့ တင်ပြအစီရင်ခံအပ်ပါသည်။

ကျွန်တော်တို့ အများပိုင်ကုမ္ပဏီဟာ ၃၁-၃-၂၀၂၄ ရက်နေ့အထိ အစုရှယ်ယာရှင်ပေါင်း (၁၀၉) ဦးမှ အစုရှယ်ယာ အရေအတွက် (၁,၀၀၆,၀၃၅)၊ အစုရှယ်ယာ တန်ဖိုး ကျပ် (၁၀,၀၆၀,၃၅၀,၀၀၀) ထည့်ဝင်ပြီး ကောက်ပဲသီးနှံ များ ပြည်တွင်း/ပြည်ပ ရောင်းဝယ်ရေး လုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ဒါရိုက်တာအဖွဲ့ အနေနဲ့ စနစ်တကျ ကြိုးကြပ်ဆောင်ရွက်နေပါတယ်။

အများပိုင်ကုမ္ပဏီအနေ နဲ့ ရန်ကုန်စတော့အိတ်ချိန်းရဲ့ စာရင်းဝင်အကြိုဈေးကွက်မှာ ပထမဦးဆုံး ဝင်ရောက်နိုင်တဲ့ အများပိုင် ကုမ္ပဏီအဖြစ် ၂၉-၄-၂၀၂၄ ရက်နေ့မှာ PLB Code No. 00009 ဖြင့် ဝင်ရောက်ခွင့် ရရှိခဲ့ပြီး ၁၄-၈-၂၀၂၄ ရက်နေ့တွင် အစုရှယ်ယာများကို ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်မှတစ်ဆင့် ရောင်းဝယ်မှု စတင်ပြုလုပ်နိုင်ခဲ့ပါတယ်။

ယခုလို ဝင်ရောက်နိုင်ခဲ့တဲ့အတွက်လည်း ကျွန်တော်တို့ MAGDPL အနေနဲ့ ငွေကြေးအရင်းအနှီးလိုအပ်ပါက ရှာဖွေနိုင်တဲ့အပြင် အစုရှယ်ယာရှင်တွေအနေနဲ့ မိမိပိုင်ဆိုင်သည့် အစုရှယ်ယာများ၏ တန်ဖိုးတွေကို နေ့စဉ်သိရှိနိုင်ရန်နှင့် ထပ်မံရင်းနှီးမြှုပ်နှံလိုလျှင်ဖြစ်စေ၊ ငွေကြေးလိုအပ်လို့ ဈေးကွက်ပေါက်ဈေးအတိုင်း ရောင်းချလိုလျှင်ဖြစ်စေ YSX မှာ

လွယ်လင့်တကူ ရောင်းဝယ်နိုင်တဲ့ အခွင့်အရေးကို ရရှိစေနိုင်ခဲ့ပါတယ်။

ဒါရိုက်တာအဖွဲ့အနေဖြင့် အစုရှယ်ယာရှင်များရဲ့ ရင်းနှီးမြှုပ်နှံငွေတွေကို အထူးအလေးထား၍ ကောက်ပဲသီးနှံ ပြည်တွင်း/ပြည်ပ ရောင်းဝယ်တင်ပို့သည့် လုပ်ငန်းများနှင့် အလားအလာကောင်းတဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် မြှုပ်နှံထားပြီး ရေရှည်တည်တည်ငြိမ်ငြိမ် ဆောင်ရွက်နိုင်မည့် လုပ်ငန်းတွေအတွက်လည်း အသင့်ပြင်ဆင်ထား ပါတယ်။

နိဂုံးချုပ်အနေနဲ့ MAGDPL အများပိုင် ကုမ္ပဏီရဲ့ အစုရှယ်ယာရှင်များဟာ ကျွန်တော်တို့ ဒါရိုက်တာအဖွဲ့ကို အများပိုင် ကုမ္ပဏီရဲ့အကျိုးစီးပွား ဖြစ်ထွန်းအောင် တာဝန်ပေးခဲ့သလို ကျွန်တော်တို့ ဒါရိုက်တာအဖွဲ့ဟာလည်း အစုရှယ်ယာရှင်တွေ ပိုင်ဆိုင်တဲ့ အစုရှယ်ယာငွေတွေကို အကျိုးဖြစ်ထွန်းအောင် ဆောင်ရွက် နိုင်ဖို့နဲ့ ဆုံးရှုံးနိုင်မှု မဖြစ်ပေါ်နိုင်အောင် ဆောင်ရွက်နိုင်ဖို့ နှစ်ဖက်မျှတစွာ ချင့်ချိန်ဆောင်ရွက်နေပါတယ်လို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

လေးစားစွာဖြင့်

ထွန်းလွင်

ဥက္ကဋ္ဌ

MAGDPL



## ကုမ္ပဏီစတင်ဖွဲ့စည်းတည်ထောင်ခြင်း

မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက် (MAGDPL) (ကုမ္ပဏီ မှတ်ပုံတင်အမှတ် – 168982240 (11-9-2012)) ကို ၂၀၁၂ ခုနှစ်တွင် အစုရှယ်ယာရှင် (၇၀) ဦး ဖြင့် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး အစုရှယ်ယာရှင် အများစုမှာ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း နှင့် လယ်ယာထွက်ကုန်သီးနှံများကို ပြည်တွင်းပြည်ပတို့တွင် ရောင်းဝယ်မှုများ ဆောင်ရွက်နေကြသည့် လုပ်ငန်းရှင်များဖြစ်ကြပါသည်။ ၂၀၂၃ ခုနှစ်တွင် စုစုပေါင်းအစုရှယ်ယာရှင်အရေအတွက် ၁၀၉ ဦးအထိ တိုးလာခဲ့ပါသည်။

## ကုမ္ပဏီတည်ထောင်ရခြင်း၏ ရည်ရွယ်ချက်

မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက် (MAG-DPL) ကို အောက်ပါ ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

- အစုရှယ်ယာထည့်ဝင်ထားသူတို့၏ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် တည်ငြိမ်ခိုင်ခံသည့်၊ အာမခံချက်ရှိသည့်၊ တိုင်းပြည်ဖွံ့ဖြိုးရေးကို အထောက်အကူပြုသည့် လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ရန်။
- တောင်သူများ စိုက်ပျိုးထုတ်လုပ်သည့်  လယ်ယာထွက်ကုန်သီးနှံများ ထွက်ရှိရာဒေသမှသည် ပြည်ပတင်ပို့သည်အထိ အဆင့်ဆင့်လုပ်ဆောင်နေရသည့် သိုလှောင်ထိန်းသိမ်း ကိုင်တွယ်မှု၊ သယ်ယူပို့ဆောင်မှုအဆင့်များ အနိမ့်ဆုံးသို့ လျှော့ကျစေ၍ တောင်သူများ၏ ထုတ်လုပ်မှု စရိတ်အား တစ်ဖက်တစ်လမ်းမှ သက်သာစေရန်။
- တောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် လယ်ယာထွက်ကုန်သီးနှံများအား ပြည်တွင်း၌လည်းကောင်း၊ ပြည်ပသို့လည်းကောင်း ရောင်းဝယ်ဖောက်ကားရာတွင် သမားရိုးကျ ရောင်းဝယ်မှုပုံစံမှ နိုင်ငံတကာအဆင့် စည်းမျဉ်းစည်းကမ်းဖြင့် ရောင်းဝယ်မှုပုံစံသို့ ပြောင်းလဲရန်။





## ရန်ကုန်စတော့အိပ်ချိန်း၏ဒုတိယဈေးကွက် (Pre Listing Board – PLB) တွင် MAGDPL မှ ပထမဆုံး မှတ်ပုံတင်ကုမ္ပဏီအဖြစ် ဝင်ရောက်ခြင်း

၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် ပထမဆုံးမှတ်ပုံတင်စာရင်းဝင်ကုမ္ပဏီအဖြစ် မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုး တိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက် (Myanma Agricultural & General Development Public Co., Ltd – MAGDPL) အစုရှယ်ယာများကို ရန်ကုန်စတော့အိပ်ချိန်းဈေးကွက်မှ တဆင့် ရောင်းဝယ်မှုပြုလုပ်နိုင်ခဲ့ပါသည်။

MAGDPL ၏ ရှယ်ယာများကို အရောင်းအဝယ် ပြုလုပ်လိုပါက ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကုမ္ပဏီများမှ တဆင့် ရင်းနှီးမြှုပ်နှံနိုင်ကြပြီလည်း ဖြစ်ပါသည်။



## ကုမ္ပဏီ၏ လုပ်ငန်းဆောင်တာများ (Business Overview)

မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင် ကုမ္ပဏီ လီမိတက် (MAGDPL)သည် တောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းနှင့် လယ်ယာထွက်ကုန် သီးနှံများအား ပြည်တွင်း/ပြည်ပ ရောင်းဝယ်တင်ပို့ခြင်း လုပ်ငန်းများကို အဓိကလုပ်ဆောင်နေသည့် ကုမ္ပဏီဖြစ်ပါသည်။

ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းတို့အား စိုက်ပျိုးထွက်ရှိရာဒေသမှသည် ပြည်ပတင်ပို့သည်အထိ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်းများအား ဆောင်ရွက်ရန်နှင့် လက်ငင်းနှင့် အနာဂတ် ရောင်းဝယ်မှုတိုင်းတွင် ယုံကြည်မှုကို အခြေမခံဘဲ ငွေကြေးအာမခံမှုနှင့် စည်းမျဉ်း စည်းကမ်းများအတိုင်း ဆောင်ရွက်နိုင်မည့် နိုင်ငံတကာ အဆင့်မီ **Myanmar Commodity Exchange Center** အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

## ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ (Company Progress)

မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုး တိုးတက်ရေး အများပိုင် ကုမ္ပဏီ လီမိတက် (MAGDPL) အနေဖြင့် သီလဝါဆိပ်ကမ်းနယ်မြေ အကွက်အမှတ် (၂၉) တွင် လယ်ယာထွက်ကုန်နှင့် ဆီထွက်သီးနှံကုန်ပစ္စည်းများ တင်/ချ ခေတ်မီဘက်စုံသုံး အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားတည်ဆောက်ခြင်း၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ကောက်ပဲသီးနှံနှင့် လယ်ယာလုပ်ငန်းသုံး ပစ္စည်းများဖြစ်သည့် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ စက်မှုကုန်ကြမ်းသုံးပစ္စည်းများနှင့် ဆက်စပ်သောလုပ်ငန်းသုံး ပစ္စည်းများ အစရှိသည့် သွင်းကုန် ပစ္စည်းတို့အား သိုလှောင်မည့် Warehouse နှင့် Siloများ တည်ဆောက်ခြင်း၊ ၎င်းနှင့်ဆက်စပ်သော စီးပွားရေး ဆိုင်ရာ အဆောက်အဦးများ တည်ဆောက်၍ ငှားရမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် စတင်အကောင်အထည်ဖော်နေပြီဖြစ်ပါသည်။

အထက်ဖော်ပြပါ လယ်ယာထွက်ကုန်များ သိုလှောင်မည့် ဂိုထောင်များ တည်ဆောက်ငှားရမ်းခြင်းအပြင် အများပိုင်ကုမ္ပဏီလီမိတက် (MAGDPL) အနေဖြင့် ၎င်းပစ္စည်းများကို ကိုယ်တိုင် တင်သွင်း၊ တင်ပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လည်း လျာထားလျက်ရှိပါသည်။



## ဆုံးရှုံးနိုင်သည့် အချက်များ (Risk Factors)

မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုး တိုးတက်ရေး အများပိုင် ကုမ္ပဏီလီမိတက် (MAGDPL) သည် လယ်ယာထွက်ကုန် သီးနှံများအား ပြည်ပသို့ တင်ပို့ရောင်းချခြင်း လုပ်ငန်းများကို အဓိက လုပ်ဆောင်နေသည့် ကုမ္ပဏီဖြစ်သဖြင့် ဝင်ငွေအများစုမှာ အမေရိကန်ဒေါ်လာဖြင့် ရရှိလေ့ရှိပါသည်။ သို့သော် ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းနှင့် အစီရင်ခံစာကို မြန်မာကျပ်ငွေဖြင့်သာ ဖော်ပြလေ့ရှိပါ သည်။ ထို့ကြောင့် အမေရိကန် တစ်ဒေါ်လာအပေါ် ညီမျှသော မြန်မာငွေကျပ်တန်ဖိုး အပြောင်းအလဲများ လေလေ ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှုရလဒ်တွင် အပြောင်းအလဲများလေလေ ဖြစ်ပါသည်။ အမေရိကန် ဒေါ်လာဖြင့် ရရှိသောဝင်ငွေများကို မြန်မာကျပ်သို့ လဲလှယ်ရာတွင် ကျပ်ငွေလဲလှယ်နှုန်း အတက်အကျ များ(Currency Exchange Risk) ကြောင့် ဆုံးရှုံးနိုင်ခြေများလဲ ရှိနိုင်ပါသည်။

ယခုလက်ရှိကာလတွင် ဗဟိုဘဏ်၏ နိုင်ငံခြားငွေ လဲလှယ်ခြင်းဆိုင်ရာမူဝါဒများ အကန့်အသတ် ကြောင့် (Regulatory Risk) များလဲ ရှိနိုင်ပါသည်။ ၎င်းအပြင်ကျပ်ငွေတန်ဖိုးကျဆင်းခြင်း ကဲ့သို့သော (Currency Depreciation Risk) များလည်း ရှိနိုင်ပါသည်။

ကုမ္ပဏီသည် လယ်ယာထွက်ကုန် သီးနှံများအား ပြည်ပသို့ တင်ပို့ရောင်းချခြင်း လုပ်ငန်းများကို အဓိက လုပ်ဆောင်နေသည့် ကုမ္ပဏီဖြစ်သဖြင့် ကုန်ပစ္စည်းများ သိုလှောင်သိမ်းဆည်းရာတွင်လည်းကောင်း၊ သယ်ယူပို့ဆောင်ရာ တွင်လည်းကောင်း မလွန်ဆန်နိုင်သော သဘာဝဘေးအန္တရာယ်များကြောင့် ကုန်ပစ္စည်း များ ပျက်စီးဆုံးရှုံးနိုင်ခြေများ ရှိနိုင်ပါသည်။

ကုမ္ပဏီသည် Myanmar National Telecom Holdings Public Company Ltd (MNTH) တွင် ရင်းနှီးမြှုပ်နှံထားရာ ၎င်း၏လုပ်ငန်းသဘာဝအရ ရင်းနှီးမြှုပ်နှံမှုကြီးမားသဖြင့် ၎င်းမှ အမြတ်အစွန်း ရရှိနိုင်ခြေမှာလည်း ခန့်မှန်းရခက် နိုင်ပါသည်။ ထို့အပြင် MNTH မှ တည်ဆောက်ထားသော တာဝါတိုင်များသည်လည်း လက်ရှိအခြေအနေများကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့်လည်း ရင်ဆိုင်ရနိုင်ခြေ ရှိနိုင်ပါသည်။

လက်ရှိတည်ဆောက်လျက်ရှိသည့် သီလဝါရှိ ဆိပ်ကမ်းမှာလည်း လိုအပ်ပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံ မှုများ ခေါ်ယူရာတွင် လက်ရှိအခြေအနေများကြောင့် နှောင့်နှေးကြန့်ကြာမှုများ ရှိနိုင်ပါသည်။

1. Currency Exchange Risk
2. Regulatory Risk
3. Currency Depreciation Risk
4. Environmental Risk
5. Technical Risk
6. Challenges in Attracting Investment

# VISION

မြန်မာ့လယ်ယာကဏ္ဍကို အသွင်ကူးပြောင်းရေး၊ ရေရှည်တည်တံ့ ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်နှင့် နိုင်ငံတကာ ကုန်သွယ်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ စံနှုန်းသစ်များ သတ်မှတ်ရေးတွင် အဓိကတွန်းအား တစ်ရပ်ဖြစ်လာစေရန်။

# MISSION

အစုရှယ်ယာထည့်ဝင်ထားသူတို့၏ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် တည်ငြိမ်ခိုင်ခံ့သည့် အာမခံချက်ရှိသည့်၊ တိုင်းပြည်ဖွံ့ဖြိုးရေးကို အထောက်အကူပြုသည့် လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန်။

တောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် လယ်ယာထွက်ကုန်သီးနှံများ ထွက်ရှိရာဒေသမှသည် ပြည်ပတင်ပို့သည်အထိ အဆင့်ဆင့် လုပ်ဆောင်နေရသည့် သိုလှောင်ထိန်းသိမ်း ကိုင်တွယ်မှု၊ သယ်ယူပို့ဆောင်မှုအဆင့်များ အနိမ့်ဆုံးသို့ လျော့ကျစေ၍ တောင်သူများ၏ ထုတ်လုပ်မှု စရိတ်အား တစ်ဖက်တစ်လမ်းမှ သက်သာစေရန်။

တောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် လယ်ယာထွက်ကုန်သီးနှံများအား ပြည်တွင်း၌လည်းကောင်း၊ ပြည်ပသို့လည်းကောင်း ရောင်းဝယ်ဖောက်ကားရာတွင် သမားရိုးကျ ရောင်းဝယ်မှုပုံစံမှ နိုင်ငံတကာအဆင့် စည်းမျဉ်းစည်းကမ်းဖြင့် ရောင်းဝယ်မှုပုံစံသို့ ပြောင်းလဲရန်။

# Core Values



Collaboration



Innovation



Integrity



Excellence

## ရေရှည်တည်တံ့မှု

သက်ဆိုင်သူအားလုံးအတွက် ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် သာယာဝပြောရေးကို အာမခံသည့် ပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ရှိသော အလေ့အကျင့်များကို ဆောင်ရွက်ခြင်း။

## တီထွင်ဆန်းသစ်မှု

ကုန်ထုတ်စွမ်းအား စွမ်းဆောင်ရည်နှင့် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန် ဆန်းသစ်သော အဖြေများကို စဉ်ဆက်မပြတ် ရှာဖွေအကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

## ပြည့်စုံမှု

လုပ်ငန်းဆောင်ရွက်မှုများနှင့် အပြန်အလှန်ဆက်ဆံမှုအားလုံးတွင် ကျင့်ဝတ်သိက္ခာနှင့် ပွင့်လင်းမြင်သာမှု၏ အမြင့်ဆုံးစံနှုန်းများကို လိုက်နာခြင်း။

## ပူးပေါင်းဆောင်ရွက်မှု

ဘုံရည်မှန်းချက်များနှင့် အပြန်အလှန်အောင်မြင်မှုရရှိရန် လယ်သမားများ၊ အစုရှယ်ယာရှင်များနှင့် အခြားသက်ဆိုင်သူများနှင့် ခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း။

## ထူးချွန်မှု

ရင်းနှီးမြှုပ်နှံမှုနှင့် ထောက်ပံ့ပို့ဆောင်ရေးမှသည် အမြင့်ဆုံးအရည်အသွေးနှင့် ဝန်ဆောင်မှုစံနှုန်းများကို သေချာစေရန် လုပ်ငန်းလည်ပတ်မှုအားလုံးတွင် ထူးချွန်ရန် ကြိုးစားခြင်း။

## တိုးတက်မှု

အခြေခံအဆောက်အအုံ၊ နည်းပညာနှင့် အလေ့အကျင့်များတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် စီးပွားရေးနှင့် လူမှုရေး တိုးတက်မှုကို တွန်းအားပေးခြင်း။

## ကုမ္ပဏီဖွဲ့စည်းတည်ဆောက်ပုံ ဇယား
# Organization Structure



## ကုမ္ပဏီမတည်ရင်းနှီးငွေနှင့် အများပြည်သူ ရှယ်ယာထည့်ဝင်မြှုပ်နှံထားမှု (Paid up Capital)

၂၀၁၂ ခုနှစ်၊ ဇွန်လ အတွင်းတွင် အစုရှယ်ယာရှင်များမှ အဆိုပြု အစုရှယ်ယာ အရေအတွက်၏ ၂% အား ပထမ အကြိမ်အဖြစ်လည်းကောင်း၊ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလအတွင်းတွင် အစုရှယ်ယာရှင်များမှ အဆိုပြု အစုရှယ်ယာ အရေအတွက်၏ ၈% အား ဒုတိယ အကြိမ်အဖြစ်လည်းကောင်း စတင်ထည့်ဝင်ခဲ့ပါသည်။

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၄) ရက်နေ့တွင် ကျင်းပပြုလုပ်သော အမှုဆောင်ဒါရိုက်တာများ၏ (၂/၂၀၁၃) အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် လုပ်ငန်းလိုအပ်ချက်အရ အစုရှယ်ယာရှင်များအနေဖြင့် အဆိုပြုထားသည့် အစုရှယ်ယာ အရေအတွက်၏ ၁၅% အား တတိယအကြိမ်အဖြစ် ၁၅-၁-၂၀၁၄ နေ့ နောက်ဆုံးထား၍ ထည့်ဝင်စေခဲ့ရာ စုစုပေါင်း ၂၅% ရရှိခဲ့ပါသည်။

စတုတ္ထအကြိမ် ၁၀% ရှယ်ယာခေါ်ယူခြင်းအတွက် ၂၅% အထိ အစုရှယ်ယာ ထည့်ဝင်ပြီးသည့် အစုရှယ်ယာရှင်များထဲမှ အစုရှယ်ယာဝင် (၈၉) ဦးသည် ၅-၁၁-၂၀၁၈ နေ့အထိ ထည့်ဝင်ရမည့် ကျပ် 1,896,600,000/- အား ထည့်ဝင်ခဲ့ပါသည်။

ပဉ္စမအကြိမ် ၁၀% ရှယ်ယာခေါ်ယူခြင်းအတွက် ၃၅% အထိ အစုရှယ်ယာ ထည့်ဝင်ပြီးသည့် အစုရှယ်ယာရှင်များထဲမှ အစုရှယ်ယာဝင် (၈၉) ဦးသည် ၅-၁၂-၂၀၁၈ နေ့အထိ ထည့်ဝင်ရမည့် ကျပ် 1,900,500,000/- အား ထည့်ဝင်ခဲ့ပါသည်။

ဆဋ္ဌမအကြိမ် ၅% ရှယ်ယာခေါ်ယူခြင်းအတွက် ၄၅% အထိ အစုရှယ်ယာ ထည့်ဝင်ပြီးသည့် အစုရှယ်ယာရှင်များထဲမှ အစုရှယ်ယာဝင် (၈၉) ဦးသည် ၅-၁-၂၀၁၉ နေ့အထိ ထည့်ဝင်ရမည့် ကျပ် 951,000,000/- အား ထည့်ဝင်ခဲ့ပါသည်။

ယခုအစီရင်ခံသည့် အချိန်အထိ အစုရှယ်ယာရှင် (၁၀၉) ဦးမှ အစုရှယ်ယာ တစ်စောင်လျှင် (၁၀,၀၀၀)ကျပ်ဖြင့် အစုရှယ်ယာအရေအတွက် (၁,၀၀၆,၀၃၅)ကို ထည့်ဝင်ထားပြီး စုစုပေါင်းအစုရှယ်ယာ တန်ဖိုးမှာ (၁၀,၀၆၀,၃၅၀,၀၀၀)ကျပ် ဖြစ်ပါသည်။

## ကုမ္ပဏီမှ ရင်းနှီးမြှုပ်နှံမှုများ (Company Investments)

### မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (Myanmar Thilawa SEZ Holdings Public Company Limited - MTSH) တွင် ရင်းနှီးမြှုပ်နှံမှု

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် သီလဝါ အထူးစီးပွားရေးဇုန်တွင်တည်ရှိသည့် စက်မှုလုပ်ငန်း ဧရိယာဖွံ့ဖြိုးရေး၊ ဈေးကွက်တင်ရောင်းချခြင်း၊ နှစ်ရှည်ငှားရမ်းခြင်း နှင့် စက်မှုလုပ်ငန်းဧရိယာ လည်ပတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် မြန်မာ-ဂျပန် သီလဝါ ဒတ်ပလော့မင့်လီမိတက်၏ မတည်ငွေရင်း အများစုကို ပိုင်ဆိုင်ထားသော ရန်ကုန်စတော့အိပ်ချိန်း စာရင်းဝင်သည့်

ကုမ္ပဏီတစ်ခု ဖြစ်ပါသည်။ **MTSH** သို့ ဒါရိုက်တာအဖွဲ့ဝင် (၂) ဦး နှင့် အရာရှိအဖွဲ့ဝင် (၂) နေရာ တို့ကို **MAGDPL**ကုမ္ပဏီကိုယ်စား စေလွှတ်တာဝန် ပေးထားပြီး စဉ်ဆက်မပြတ် စီမံအုပ်ချုပ်မှုများပြုလုပ် ထားရှိပါသည်။

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် ၂၀၁၃ ခုနှစ်၊ မေလ (၃) ရက်နေ့တွင် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော အများပိုင် ကုမ္ပဏီ တစ်ခုဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်၊ မေလ (၂၀) ရက်နေ့တွင် ရန်ကုန်စတော့အိပ်ချိန်းတွင် ဒုတိယမြောက် စာရင်းဝင်သည့် ကုမ္ပဏီတစ်ခု ဖြစ်လာခဲ့ပါ သည်။

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အနေဖြင့် မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် စီမံအုပ်ချုပ်မှုနှင့် တွဲဖက်လုပ်ငန်းမှရရှိသည့် ဝင်ငွေများ အပါအဝင် အသားတင်အမြတ်ငွေမှာ ကျပ်(၉၈၀) သန်း ရရှိခဲ့ပါသည်။

ကုမ္ပဏီ၏ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် စုဆောင်းလက်ကျန် အမြတ်ငွေမှာ ကျပ် (၃၉) ဘီလီယံ ရှိပြီး ငွေနှင့်ငွေသားညီမျှသောလက်ကျန် မှာ ကျပ်(၇.၇) ဘီလီယံရှိပါသည်။

လက်ရှိအချိန်တွင် MAGDPL ၏ ဥက္ကဋ္ဌဦးထွန်းလွင်သည် Myanmar Thilawa SEZ Holding Public Co., Ltd. (MTSH)တွင် ဒုတိယဥက္ကဋ္ဌ နှင့် Board Secretary တာဝန်ကို ပူးတွဲထမ်းဆောင်လျက်ရှိပါသည်။

## မြန်မာနေရှင်နယ် တယ်လီကွန်း ဟိုးလ်ဒင်းစ် ပတ်ဘလစ် ကုမ္ပဏီလီမိတက် (Myanmar National Telecom Holdings Public Company Ltd - MNTH) တွင် ရင်းနှီးမြှုပ်နှံမှု

မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက် (MAGDPL) သည် Myanmar National Telecom Holdings Public Company Ltd (MNTH) တွင် MNTH ကုမ္ပဏီတည်ထောင်သည့် ၂၇-၁၀-၂၀၁၅ နေ့မှ ၇-၈-၂၀၂၀ နေ့အထိ ကုမ္ပဏီမှ ရင်းနှီး မြှုပ်နှံမှုအဖြစ် အစုရှယ်ယာအရေအတွက် ၂,၉၂၄,၅၈၈၊ အစုရှယ်ယာတန်ဖိုး ၂,၉၂၄,၆၃၃,၂၄၉/- ကျပ် ထည့်ဝင်ပြီးဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့ဝင် (၁) ဦးနှင့် Alternate Director (၁)ဦးတို့ စေလွှတ် တာဝန်ပေးထားပြီး စဉ်ဆက်မပြတ် စီမံအုပ်ချုပ်မှုများပြုလုပ်ထားရှိပါသည်။

## Myanmar Kyauk Phyu SEZ Holdings Public Company Limited - MKSH တွင် ရင်းနှီးမြှုပ်နှံမှု

မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက် (MAGDPL) သည် ကျောက်ဖြူအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းတည်ထောင်ထားသည့် Myanmar Kyauk Phyu SEZ Holdings Public Company Limited – MKSH သို့ ပထမအကြိမ် ထည့်ဝင်ငွေအဖြစ် ကျပ်ငွေ ၁၀,၀၀၀,၀၀၀ /- (သိန်းတစ်ရာကျပ်တိတိ) အား ထည့်ဝင်ထားပြီးဖြစ်ပါသည်။

## သီလဝါဆိပ်ကမ်းတွင် ရင်းနှီးမြှုပ်နှံမှုများ (Investments in Thilawa Port – Plot 29)

မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက် (MAGDPL) သည် သီလဝါဆိပ်ကမ်းနယ်မြေ အကွက်အမှတ် (၂၉) အား မြန်မာ့ဆိပ်ကမ်းအာဏာပိုင် နှင့် BOT စနစ်ဖြင့် နှစ် (၅၀) မြေငှားစာချုပ် ချုပ်ဆိုခဲ့ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှတစ်ဆင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ၁၁-၁၂-၂၀၁၅ နေ့တွင် သီလဝါဆိပ်ကမ်းဒေသတွင် ခေတ်မီအပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတား နှင့် စီးပွားရေး လုပ်ငန်းဆောင်တာများ၏ ဆက်စပ်အဆောက်အအုံများ အကောင်အထည်ဖော်တည်ဆောက်ကာ BOT စနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် တင်ပြခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်-ကျောက်တန်းနယ်မြေ၊ သီလဝါဆိပ်ကမ်းနယ်မြေ အကွက်အမှတ် (၂၉) အား BOT စနစ်ဖြင့်လယ်ယာထွက်ကုန်နှင့် ဆီထွက်ပစ္စည်းများ တင်/ချ၊ ခေတ်မီဘက်စုံသုံး အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားနှင့် စီးပွားရေးဆိုင်ရာ အဆောက်အဦးများအား တည်ဆောက်၍ ငှားရမ်းခြင်းလုပ်ငန်း တည်ဆောက်ရန်အတွက် ခွင့်ပြုချက်အား မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၄-၃-၂၀၁၆ နေ့တွင် ခွင့်ပြုမိန့်အမှတ် - မနသ - ၁၁၅၃/၂၀၁၆ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သို့ အကွက်အမှတ် (၂၉) အား မြေငှားစာချုပ် ချုပ်ဆိုနိုင်ရေးနှင့် ပက်သက်ပြီး ခွင့်ပြုမိန့်အား ၄-၄-၂၀၁၆ နေ့တွင် တင်ပြတောင်းခံခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်-ကျောက်တန်းနယ်မြေ၊ သီလဝါဆိပ်ကမ်းနယ်မြေ အကွက်အမှတ် (၂၉)အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ပဋိညာဉ်စာချုပ် ချုပ်ဆိုခြင်း အခမ်းအနားအား ၂၇-၄-၂၀၁၆ နေ့တွင် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ရုံးချုပ်၊ တတိယထပ်၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး အခမ်းအနားသို့ ဥက္ကဌ ဦးထွန်းလွင်နှင့် အမှုဆောင်ဒါရိုက်တာများ တက်ရောက်ခဲ့ပါသည်။

MAGDPL သည် လက်ရှိတွင် သီလဝါဆိပ်ကမ်းနယ်မြေ အကွက်အမှတ် (၂၉) ၌ လယ်ယာထွက်ကုန်နှင့် ဆီထွက်သီးနှံကုန်ပစ္စည်းများ တင်/ချ၊ ခေတ်မီဘက်စုံသုံး အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားတည်ဆောက်ခြင်းနှင့် စီးပွားရေးဆိုင်ရာ အဆောက်အဦးများ တည်ဆောက်၍ ငှားရမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် စတင်အကောင်အထည်ဖော်နေပြီဖြစ်ပါသည်။

MAGDPL သည် သီလဝါအကွက်အမှတ် (၂၇)နှင့် (၂၈) တို့တွင် ဆိပ်ကမ်းလုပ်ငန်းများ ရင်းနှီးမြှုပ်နှံအကောင်အထည်ဖော်ဆောင်ရွက်မည့် Myanmar Edible Oil Industrial Public Co., Ltd. (MEICO) နှင့် Myanmar Agribusiness Public Co., Ltd. တို့နှင့် ပူးပေါင်း၍ Myanmar Agro Alliance Terminal Co., Ltd (MAAT) တွင်လည်း ရင်းနှီးမြှုပ်နှံထားပြီး အစုရှယ်ယာ ပိုင်ဆိုင်မှု ရာခိုင်နှုန်းမှာ ၃၃.၃၃% ရှိပါသည်။

## ဘုတ်ကော်မတီများနှင့် ကော်မတီအဖွဲ့ဝင်များ (Board of Directors Committee and Committee Members)

MAGDPL အနေဖြင့် Nomination Committee, Audit Committee နှင့် Remuneration Committee ဟု ကော်မတီ (၃) ခု ဖွဲ့စည်းထားပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

### (က) Nomination Committee

Nomination Committee အဖွဲ့ဝင်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | | |
|---|---|---|
| (၁) | ဒေါက်တာမောင်မောင်အေး | ဥက္ကဋ္ဌ |
| (၂) | ဦးစိုးပိုင် | အဖွဲ့ဝင် |
| (၃) | ဦးမြင့်ဇော် | အဖွဲ့ဝင် |

Nomination Committee ၏ တာဝန်များမှာ ဒါရိုက်တာသည် အစုရှင်များ၏ ရေရှည်အကျိုးစီးပွားကို မည်မျှ မြှင့်တင်ပေးခဲ့သည်၊ မည်မျှ လုပ်ဆောင်နိုင်သည်ကို မူတည် ဒါရိုက်တာအမည်စာရင်းကို ပြန်လည်တင်သွင်းခြင်း၊ ဒါရိုက်တာတစ်ဦးသည် လွတ်လပ်သော ဒါရိုက်တာ ဖြစ်/မဖြစ် နှစ်စဉ်ဆုံးဖြတ်ခြင်းနှင့် ဒါရိုက်တာတစ်ဦးသည် ဒါရိုက်တာတစ်ဦး၏ တာဝန်များကို ကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ခြင်း ရှိ/မရှိ ရွေးချယ်ခန့်အပ်သော ဒါရိုက်တာတို့အား လိုအပ်သော Professional Education Program များကို ညှိနှိုင်းဆွေးနွေးပြီး စီစဉ်ပေးခြင်းတို့ကို ဆုံးဖြတ်ခြင်းတို့ ဖြစ်ပါသည်။

ကော်မတီသည် ဒါရိုက်တာအဖွဲ့၏ စွမ်းဆောင်ရည်အား မည်သို့ အကဲဖြတ်သုံးသပ်ရမည်ကို ဆုံးဖြတ်၍ လက်တွေ့ကျသော ဆောင်ရွက်မှု စံနှုန်းမှတ်ကျောက်များကို အဆိုပြုတင်ပြရမည်ဖြစ်ရာ ယင်းအချက်တွင် ဒါရိုက်တာအဖွဲ့အနေဖြင့် အစုရှယ်ယာပိုင်ရှင်၏ ရေရှည်အကျိုးစီးပွားအား မည်မျှမြှင့်တင်ပေးနိုင်ခဲ့သည်ကို အဆိုပြုတင်ပြရမည်။ ယင်းသို့တင်ပြရန် Nomination Committee အနေဖြင့် ဒါရိုက်တာအဖွဲ့တစ်ခုလုံးအနေဖြင့် ထိရောက်စွာ အကောင်အထည်ဖော်မှုကိုလည်းကောင်း၊ ဒါရိုက်တာတစ်ဦးချင်းစီ၏ ပါဝင်ဆောင်ရွက်မှုကိုလည်းကောင်း၊ အကဲဖြတ်သုံးသပ်ရာတွင် ကျင့်သုံးရမည့် လုပ်ငန်းစဉ်တစ်ရပ်အား အကောင်အထည်ဖော်နိုင်ရန် ချမှတ်ထားပြီးဖြစ်ပါသည်။ Nomination Committee ဝင်တိုင်းသည် ၎င်းကိုယ်တိုင်၏ စွမ်းဆောင်ရည်ကို အကဲဖြတ်သုံးသပ်ခြင်း (သို့မဟုတ်) ဒါရိုက်တာအဖြစ် အမည်တင်သွင်းခြင်းနှင့် ပတ်သက်သော Nomination Committee ၏ ဆင်ခြင်သုံးသပ်မှုတွင် ပါဝင်ဆောင်ရွက်ခြင်းမှလည်းကောင်း၊ ယင်းတို့အတွက် အကြံပြုခြင်းမှလည်းကောင်း၊ ယင်းတို့ဆိုင်ရာ ဆုံးဖြတ်ချက် တစ်စုံတစ်ခုအလို့ငှာ မဲပေးခြင်းမှလည်းကောင်း ရှောင်ကြဉ်ရမည် ဖြစ်ပါသည်။

### (ခ) Audit Committee

Audit Committee အဖွဲ့ဝင်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | | |
|---|---|---|
| (၁) | ဦးတိုးအောင်မြင့် | ဥက္ကဋ္ဌ |

(၂)	ဦးနိုင်မိုး	အဖွဲ့ဝင်

(၃)	ဦးလှဦး	အဖွဲ့ဝင်

Audit Committee ၏ တာဝန်များမှာ ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများအား ကာကွယ်ရေး၊ လုံလောက်သော ငွေစာရင်းမှတ်တမ်းများကို ထားရှိထိန်းသိမ်းရေး၊ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုများနှင့် ပတ်သက်ပြီး ကောင်းမွန်သော အဖွဲ့အစည်း အုပ်ချုပ်မှုကို ဖော်ဆောင်နိုင်ရန် အစုရှယ်ယာရှင် ရင်းနှီးမြှုပ်နှံသူများ ဆုံးရှုံးမှုမရှိစေရေးအတွက် ဌာနတွင်းဆိုင်ရာ ထိရောက်သော အတွင်းထိန်းချုပ်မှုစနစ်များ ထားရှိကာ ကုမ္ပဏီ၏ ရည်မှန်းချက်များကို ပြည့်မီရန်အတွက် Audit Committee က ဘုတ်အဖွဲ့၊ စီမံအုပ်ချုပ်ရေးပိုင်းနှင့် ပြင်ပစာရင်းစစ်များအကြား စာရင်းစစ်သည့် ကိစ္စများနှင့် ပတ်သက်၍ ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုကို ထားရှိပါသည်။

(ဂ)	**Remuneration Committee**

Remuneration Committee အဖွဲ့ဝင်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁)	ဦးမင်းကိုဦး	ဥက္ကဋ္ဌ

(၂)	ဦးမောင်မောင်တင်	အဖွဲ့ဝင်

(၃)	ဦးသိန်းဝင်း	အဖွဲ့ဝင်

Remuneration Committee မှ ဒါရိုက်တာများနှင့် အရေးပါသော အမှုဆောင်များအတွက် အခကြေးငွေ ဆိုင်ရာ မူဘောင်တစ်ရပ်အား ဘုတ်အဖွဲ့သို့ အကြံပြုတင်ပြရန်လည်းကောင်း၊ ဒါရိုက်တာတစ်ဦးချင်းစီနှင့် အရေးပါသော အမှုဆောင် တစ်ဦးချင်းစီအတွက် အခကြေးငွေ အတိအကျ သတ်မှတ်ပေးရန် တာဝန်ရှိပါသည်။ ဒါရိုက်တာကြေး၊ လစာများ၊ ခံစားခွင့်များ၊ ဆုကြေးများ၊ ကြိုတင်သတ်မှတ်ဈေးဖြင့် စတော့ရှယ်ယာ (ဝယ်/ရောင်းရန်) ရွေးချယ်ပိုင်ခွင့်နှင့် ပစ္စည်းအားဖြင့် အကျိုးခံစားခွင့် အပါအဝင်နှင့် ယင်းတို့ချည်းသာ မဟုတ်ဘဲ အခကြေးငွေဆိုင်ရာ ရှုထောင့်အားလုံးကို ဤကုမ္ပဏီ၏ Remuneration Committee က ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။ ကုမ္ပဏီ၏ Remuneration Committee ဝင်တိုင်းသည် ၎င်းတို့ကိုယ်တိုင်၏ အခကြေးငွေနှင့် ပတ်သက်သော Remuneration Committee ၏ ဆင်ခြင်သုံးသပ်မှုတွင် ပါဝင်ဆောင်ရွက်ခြင်းမှလည်းကောင်း၊ ယင်းအတွက် အကြံပြုခြင်းမှလည်းကောင်း၊ ယင်းဆိုင်ရာ ဆုံးဖြတ်ချက် တစ်ခုခုအလို့ငှာ မဲပေးခြင်းမှလည်းကောင်း ရှောင်ကြဉ်ရမည်။

# ဒါရိုက်တာအဖွဲ့ဝင်များ (Board of Directors Profile)



## U Tun Lwin

### Chairman

Date of Appointment: 11 September 2012

Last Re-elected: 07 December 2022

ဦးထွန်းလွင်သည် ကုမ္ပဏီ၏ ဥက္ကဋ္ဌဖြစ်ပါသည်။ ဦးထွန်းလွင်သည် Shwe Me Group of Companies ၏ မန်နေးဂျင်းဒါရိုက်တာတစ်ဦးလည်း ဖြစ်ပါသည်။ Shwe Me Group of Companies သည် ၂၆-၄-၁၉၉၅ ခုနှစ် တွင် စတင်တည်ထောင်ခဲ့ပါသည်။

ဦးထွန်းလွင်သည် Myanmar Thilawa SEZ Holding Public Co., Ltd. (MTSH)တွင် ဒုတိယဥက္ကဋ္ဌ အဖြစ် တာဝန်ထမ်းဆောင်နေပါသည်။ ဦးထွန်းလွင်သည် National Resources Development Co., Ltd. ၏ ဒုတိယဥက္ကဋ္ဌ လည်း ဖြစ်ပါသည်။

ဦးထွန်းလွင်သည် MAPCO တွင် ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်နေပါသည်။ ဦးထွန်းလွင် သည် SCG-Shwe Me Logistics (Myanmar) Co., Ltd. ဥက္ကဋ္ဌ၊ Betagro (Myanmar) Co., Ltd. နှင့် I C P Shwe Me Fertilizer Co., Ltd. တို့၏ ဒါရိုက်တာလည်း ဖြစ်ပါသည်။

ဦးထွန်းလွင်သည် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၏ ဥက္ကဋ္ဌလည်းဖြစ်ပြီး UMFCCI တွင် ဗဟိုအလုပ်အမှုဆောင်နှင့် Myanmar-Japan Association တို့တွင်လည်း ဘဏ္ဍာရေးမှူးအဖြစ် တာဝန် ယူထားပါသည်။

ဦးထွန်းလွင်ပါဝင်ဆောင်ရွက်နေသည့် ကုမ္ပဏီများသည် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ ပြည်တွင်း/ ပြည်ပ ရောင်းဝယ်တင်ပို့ခြင်းလုပ်ငန်းများ၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် အထွေထွေကုန်စည်များ တင်သွင်း ဖြန့်ဖြူးခြင်း၊ ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုပေးခြင်းနှင့် ကျွန်းစိုက်ခင်းများအပါအဝင် စီးပွားရေးကဏ္ဍ မျိုးစုံတွင် လုပ်ငန်းများဆောင်ရွက်ပါသည်။

ဦးထွန်းလွင်သည် ၁၉၉၀ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ B.Sc (Chemistry) ဘွဲ့ဖြင့် အောင်မြင်ခဲ့ပါသည်။



## Dr. Maung Maung Aye

### Managing Director

Date of Appointment: 11 September 2012

Last Re-elected: 20 December 2023

ဒေါက်တာမောင်မောင်အေးသည် Moe Htet Gabar Co., Ltd ၏ founder နှင့် shareholder တစ်ဦးဖြစ်ပါသည်။ မိုးထက်ကမ္ဘာ ကုမ္ပဏီလီမိတက်သည် ၇-၆-၂၀၀၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။

ဒေါက်တာမောင်မောင်အေးသည် Golden Wax Co., Ltd, Lwin Oo Htwe Trading Co., Ltd နှင့် Moe Power Trading Co., Ltd တို့၏ founder နှင့် shareholder တစ်ဦးဖြစ်ပါသည်။

ဒေါက်တာမောင်မောင်အေးသည် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၏ ဗဟို အလုပ်အမှုဆောင်ဖြစ်ပါသည်။

ဒေါက်တာမောင်မောင်အေး ပါဝင်ဆောင်ရွက်နေသည့် ကုမ္ပဏီများသည် ပဲ၊ ပြောင်းစသည့် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ ပြည်ပတင်ပို့ခြင်း၊ ဆောက်လုပ်ရေးနှင့်အိမ်ဆောက်ပစ္စည်းများ၊ ဖယောင်း ကုန်ကြမ်းများ၊ ဓာတ်မြေသြဇာနှင့် တာယာများ လက်လီလက်ကား တင်သွင်း ဖြန့်ဖြူးခြင်း စသည့် စီးပွားရေး ကဏ္ဍမျိုးစုံ တွင် လုပ်ငန်းများ ဆောင်ရွက်ပါသည်။

ဒေါက်တာမောင်မောင်အေးသည် ၁၉၉၃ ခုနှစ်တွင် ရန်ကုန်ဆေးတက္ကသိုလ်မှ M.B.,B.S ဘွဲ့ဖြင့် အောင်မြင်ခဲ့ပါသည်။



## U Toe Aung Myint

### Independent Director

Date of Appointment: 16 December 2019

Last Re-elected: 20 December 2023

ဦးတိုးအောင်မြင့်သည် ကုမ္ပဏီတွင် လွတ်လပ်သောဒါရိုက်တာဖြစ်ပါသည်။ ဦးတိုးအောင်မြင့်သည် မြန်မာနိုင်ငံသားများဘဏ် (MCB) တွင် ဥက္ကဋ္ဌ အဖြစ်တာဝန်ယူထားပြီး မြန်မာနိုင်ငံဘဏ်များအသင်းတွင်လည်း ဒုတိယဥက္ကဋ္ဌတစ်ဦး ဖြစ်ပါသည်။ Myanmar Thilawa SEZ Holding Public Co., Ltd. (MTSH) တွင် လွတ်လပ်သောဒါရိုက်တာတစ်ဦးလည်း ဖြစ်ပါသည်။

ဦးတိုးအောင်မြင့်သည် ၁၉၈၀ခုနှစ်တွင် သတ္တုတွင်းဝန်ကြီးဌာန၌ ဘူမိဗေဒလက်ထောက် အဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၈၁ခုနှစ် မှ ၁၉၈၄ခုနှစ် ထိ ကာကွယ်ရေးဝန်ကြီးဌာနတွင် အရာရှိအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၈၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနတွင် (၃၃)နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီး အမြဲတမ်းအတွင်းဝန် အဆင့်ဖြင့် သက်ပြည့်အငြိမ်းစားယူခဲ့ပါသည်။ ၂၀၁၆ခုနှစ်မှ ၂၀၂၁ခုနှစ်အထိ မြန်မာ နိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင် (MIC)တွင် ကော်မရှင်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ ပါသည်။

ဦးတိုးအောင်မြင့်ကို ၁၉၅၈ခုနှစ်တွင် မွေးဖွားခဲ့ပြီး ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှ သိပ္ပံဘွဲ့(ဘူမိဗေဒ)ကို ၁၉၇၉ ခုနှစ်တွင် ရရှိခဲ့ပါသည်။ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ပေးအပ်သော စီမံခန့်ခွဲမှုလေ့ကျင့်ရေးသင်တန်းဆင်းလက်မှတ်ကို ၁၉၈၇ ခုနှစ်တွင် ရရှိခဲ့ပါသည်။ ထိုင်းနိုင်ငံ Mekong Institute မှ ပေးအပ်သော Certificate of Enterprise Reform for the GMS ကို ၂၀၀၂ ခုနှစ်တွင် လည်းကောင်း၊ Leadership for Competitive Enterprise system in the GMS ကို ၂၀၀၄ ခုနှစ်တွင် လည်းကောင်း အသီးသီးရရှိခဲ့ပါသည်။ ထို့အပြင် စင်္ကာပူနိုင်ငံ TDB မှပေးအပ်သော Certificate of Export Market Development Programme ကို ၁၉၉၉ ခုနှစ်တွင်လည်းကောင်း၊ Teamsek Foundation မှပေးအပ်သော Certificate of Global Supply Chair Policy for Senior Officer Course ကို ၂၀၁၂ ခုနှစ်တွင်လည်းကောင်း၊ Civil Service College Singapore မှပေးအပ်သော Certificate of International Governance and Public Administration Programme ကို ၂၀၁၇ ခုနှစ်တွင်လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ပေးအပ်သော Diploma in IERD ကို ၂၀၁၇ ခုနှစ်တွင် အသီးသီးရရှိခဲ့ပါသည်။



# U Min Ko OO

## Director

Date of Appointment: 11 September 2012

Last Re-elected: 07 December 2022

ဦးမင်းကိုဦးသည် ကုမ္ပဏီတွင် အဖွဲ့ဝင်ဒါရိုက်တာ (BOD) တစ်ဦးဖြစ်ပါသည်။

ဦးမင်းကိုဦးသည် LL-B (ဥပဒေဘွဲ့) ကို ၁၉၈၆ ခုနှစ် တွင် ရရှိခဲ့ပြီး Ngwe Moe Family Co., Ltd. ၏ Managing Director ဖြစ်သည်။ Ngwe Moe Family Co., Ltd. သည် နှစ် (၃၀)ကျော် သက်တမ်းရှိကုမ္ပဏီဖြစ်ပြီး မတ်ပဲ (Urad) နှင့် အခြားသောပဲအမျိုးအစားများကို ပြည်ပသို့တင်ပို့နေသော Export Company တစ်ခုဖြစ်ပါသည်။

ဦးမင်းကိုဦးသည် Myat Noe Oo Co., Ltd. နှင့် Oak Thar Oo Bean Specialized Co., Ltd. တို့၏ Managing Director တစ်ဦးလည်းဖြစ်သည်။

ဦးမင်းကိုဦးသည် လက်ရှိတွင် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း ၏ အထွေထွေ အတွင်းရေးမှူးအဖြစ် တာဝန်ယူထမ်းဆောင်လျက်ရှိပါသည်။



## U Ohn Saing

### Director

Date of Appointment: 11 September 2012

Last Re-elected: 07 December 2022

ဦးအုန်းဆိုင်သည် ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဖြစ်ပါသည်။ ဦးအုန်းဆိုင်သည် NEW GOLDEN GATE (1991) CO., LTD. ၏ အဖွဲ့ဝင် ဒါရိုက်တာ တစ်ဦးဖြစ်ပါသည်။ NEW GOLDEN GATE (1991) CO., LTD. ကို ၀၅-၁၂-၁၉၉၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။

ဦးအုန်းဆိုင်သည် SHWE TAW WIN INTERNATIONAL TRADING CO., LTD. နှင့် STAR UNION INVESTMENT LTD. တို့တွင် မန်နေဂျင်းဒါရိုက်တာ အဖြစ်တာဝန်ယူလုပ်ကိုင်လျက်ရှိပါသည်။

ဦးအုန်းဆိုင်သည် လှိုင်သာယာစက်မှုဇုံ (၁၂၊၃၊၄၊၆၊၇) တို့၏ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ဘုရင့်နောင်ကုန်စည်ဒိုင်) တို့တွင် ဒုတိယဥက္ကဋ္ဌ အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက် ရှိပါသည်။

ဦးအုန်းဆိုင် ပါဝင်ဆောင်ရွက်နေသည့် ကုမ္ပဏီများသည် လယ်ယာစိုက်ပျိုးရေးထွက်ကုန်များကို သန့်စင်ကြိတ်ခွဲ၍ ပြည်ပတင်ပို့ခြင်း၊ အစားအသောက်ကုန်ကြမ်းများနှင့် အထွေထွေကုန်စည်များ တင်သွင်းဖြန့်ဖြူးခြင်း၊ ကိုယ်ပိုင်စိုက်ပျိုးလယ်ယာတွင် စပါးနှင့်ပဲ စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်နေပါသည်။



# U Kyaw Lynn

## Director

Date of Appointment: 11 September 2012

Last Re-elected: 07 December 2022

ဦးကျော်လင်းသည် CB Bank တွင် အမှုဆောင်ဒုတိယဥက္ကဋ္ဌ အဖြစ် တာဝန်ယူ ဆောင်ရွက်နေပါသည်။ CB Life Insurance Co.,Ltd တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်နေပြီး CB Securities Limited တွင် အမှုဆောင် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။ ကေတုမတီ ကုမ္ပဏီလီမိတက် ၏ ဥက္ကဋ္ဌ တစ်ဦးလည်း ဖြစ်ပါသည်။ ဦးကျော်လင်းသည် ၁၉၈၇ ခုနှစ်တွင် ရန်ကုန်စက်မှု တက္ကသိုလ်မှ B.E (Textile) ဘွဲ့ကို ရရှိခဲ့ပါသည်။

ဦးကျော်လင်းသည် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းတွင် ၂၀၀၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ဒုတိယဥက္ကဋ္ဌ အဖြစ်လည်းကောင်း ၊ ၂၀၂၂ ခုနှစ် မှ ယနေ့အချိန်အထိ ဗဟိုအလုပ်အမှုဆောင်အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

ဦးကျော်လင်းသည် ၂၀၁၃ ခုနှစ် မှ ၂၀၁၉ ခုနှစ် အထိ မြန်မာနိုင်ငံဘဏ်များအသင်း၏ အထွေထွေအတွင်းရေးမှူး အဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့ပါသည် ။

ဦးကျော်လင်းသည် CB Bank Executive Vice Chairman ဖြစ်သည်နှင့်အညီ အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ငန်းဝန်ဆောင်မှုနှင့် ဘဏ်လုပ်ငန်းဆိုင်ရာတီထွင်ဆန်းသစ်မှုများကဲ့သို့ ဝန်ဆောင်မှုအသစ်များကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် နည်းဗျူဟာများချမှတ်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။



## U Sai Ba Nyan

### Director

Date of Appointment: 11 September 2012

Last Re-elected: 20 December 2023

ဦးစိုင်းဘညဏ်သည် ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်ပါသည်။ ဦးစိုင်းဘညဏ်သည် Maou Oak Shaung International Co., Ltd. တွင် Managing Director အဖြစ် ဆောင်ရွက်နေပါသည်။ Maou Oak Shaung International Co., Ltd. သည် ၂၀၀၁ ခုနှစ် စက်တင်ဘာလ (၆) ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပါသည်။

ဦးစိုင်းဘညဏ်သည် မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းတွင် ဗဟိုအလုပ်အမှုဆောင်အဖြစ် လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတွင် ဗဟိုအလုပ်အမှုဆောင်အဖြစ်လည်းကောင်း တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။

ဦးစိုင်းဘညဏ်သည် ပဲတီစိမ်း၊ မတ်ပဲ၊ နှမ်း နှင့် အခြားသော ပဲမျိုးမျိုးကို ပြည်ပနိုင်ငံများသို့ တင်ပို့နေသော လုပ်ငန်းကို စီမံဆောင်ရွက်နေသူဖြစ်ပါသည်။

ဦးစိုင်းဘညဏ်သည် B.A(Agri) ဘွဲ့ရရှိခဲ့ပြီးဖြစ်ပါသည်။



# U Hla Oo

## Director

Date of Appointment: 11 September 2012

Last Re-elected: 10 December 2021

ဦးလှဦးသည် ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဖြစ်ပါသည်။ ဦးလှဦးသည် Good Brothers' Group of Companies ၏ Founder တစ်ဦးဖြစ်ပြီး Good Brothers' Co., Ltd. ကို ၂-၉-၁၉၉၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။

ဦးလှဦးသည် Good Brothers' Co., Ltd. တွင် ဒါရိုက်တာအဖြစ်လည်းကောင်း၊ Good Brothers Machineries Co., Ltd. တွင် မန်နေးဂျင်းဒါရိုက်တာအဖြစ်လည်းကောင်း၊ Good Brothers' (Chemical) Co., Ltd. တွင် မန်နေးဂျင်းဒါရိုက်တာအဖြစ်လည်းကောင်း၊ Good Brothers' Microfinance Co., Ltd. တွင် မန်နေးဂျင်း ဒါရိုက်တာအဖြစ် လည်း ကောင်း၊ United Agricultural Products Processing and Trading Co., Ltd. တွင် မန်နေးဂျင်းဒါရိုက်တာအဖြစ် လည်းကောင်း၊ Kubota (G.B.S) Co., Ltd. တွင် မန်နေးဂျင်းဒါရိုက်တာ အဖြစ်လည်းကောင်း၊ Zoomlion (Myanmar) Co., Ltd. တွင် မန်နေးဂျင်းဒါရိုက်တာအဖြစ်လည်းကောင်း၊ V S K International Co., Ltd. တွင် ဒါရိုက်တာအဖြစ်လည်းကောင်း၊ Power Winner (PW) Co., Ltd. တွင် ဒါရိုက်တာ အဖြစ်လည်းကောင်း၊ Good Brothers' Life Insurance Agent Co., Ltd. တွင် မန်နေးဂျင်းဒါရိုက်တာအဖြစ် လည်းကောင်း၊ Good Brothers' General Insurance Agent Co., Ltd. တွင် မန်နေးဂျင်းဒါရိုက်တာအဖြစ် လည်းကောင်း၊ G.B.S Agricultural Services Public Co., Ltd. တွင် ဒါရိုက်တာအဖြစ်လည်းကောင်း တာဝန်ယူ ဆောင်ရွက်နေပါသည်။

ဦးလှဦးသည် GGI Insurance Myanmar Co., Ltd. တွင်လည်း ဒါရိုက်တာတစ်ဦးဖြစ်ပါသည်။ ဦးလှဦးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် ဘဏ္ဍာရေးမှူးအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းတွင် ဗဟိုအလုပ်အမှုဆောင် အဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်နေပါသည်။

ဦးလှဦး ပါဝင်ဆောင်ရွက်နေသည့် ကုမ္ပဏီများသည် လယ်ယာစိုက်ပျိုးရေးထွက်ကုန်များကို ပြည်ပတင်ပို့ခြင်း၊ လယ်ယာသုံးစက်ကရိယာများထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်း၊ အာမခံလုပ်ငန်း၊ ဘဏ်လုပ်ငန်းများတွင် ဆောင်ရွက်လျက်ရှိပါသည်။ ဦးလှဦးသည် Yangon Technological University တွင် ဒုတိယနှစ်အထိ လည်းကောင်း၊ BTEC Level 7 Extended Diploma in Strategic Management Leadership (Person, UK) MBA အားလည်းကောင်း ရရှိခဲ့ပါသည်။



# U Zaw Myo Min

## Director

Date of Appointment: 11 September 2012

Last Re-elected: 20 December 2023

ဦးဇော်မျိုးမင်းသည် ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်ပါသည်။ ဦးဇော်မျိုးမင်းသည် Diamond Century Co., Ltd. တွင် Managing Director အဖြစ် ဆောင်ရွက်နေပါသည်။ Diamond Century Co., Ltd. သည် ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၃) ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပါသည်။

ဦးဇော်မျိုးမင်းသည် Han Yadanar Tin Co., Ltd. နှင့် Ngwe Kyei Oo Co., Ltd. တို့တွင်လည်း Managing Director အဖြစ်ဆောင်ရွက်လျက်ရှိပါသည်။

ဦးဇော်မျိုးမင်းသည် မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းတွင် တွဲဖက်ဘဏ္ဍာရေးမှူးအဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။

ဦးဇော်မျိုးမင်းသည် ပဲတီစိမ်း၊ မတ်ပဲနှင့် အခြားသော ပဲမျိုးမျိုးကို ပြည်ပနိုင်ငံများသို့ တင်ပို့နေသော လုပ်ငန်းကို စီမံဆောင်ရွက်နေသူဖြစ်ပါသည်။

ဦးဇော်မျိုးမင်းသည် Diploma in EC ဘွဲ့ရရှိခဲ့ပြီးဖြစ်ပါသည်။



# U Thein Win

## Director

Date of Appointment: 11 September 2012

Last Re-elected: 07 December 2022

ဦးသိန်းဝင်းသည် ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်ပါသည်။ ဦးသိန်းဝင်းသည် Sein Htan Pin Co., Ltd. တွင် ဒါရိုက်တာအဖြစ် တာဝန်ယူဆောင်ရွက်နေပါသည်။ Sein Htan Pin Co., Ltd. သည် ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ (၂) ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပါသည်။

ဦးသိန်းဝင်းသည် Stone Gate Empire Co., Ltd. တွင် Managing Director အဖြစ် ဆောင်ရွက်နေ ပါသည်။

ဦးသိန်းဝင်းသည် မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းတွင် ဘဏ္ဍာရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

ဦးသိန်းဝင်းသည် ပဲတီစိမ်း၊ မတ်ပဲနှင့် အခြားသော ပဲမျိုးမျိုးကို ပြည်ပနိုင်ငံများသို့ တင်ပို့နေသော လုပ်ငန်းကို စီမံဆောင်ရွက်နေသူဖြစ်ပါသည်။

ဦးသိန်းဝင်းသည် ဥပဒေဘွဲ့ရရှိခဲ့ပြီးဖြစ်ပါသည်။



# U Than Myint

## Director

Date of Appointment: 11 September 2012

Last Re-elected: 10 December 2021

ဦးသန်းမြင့်သည် ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်ပါသည်။ ဦးသန်းမြင့်သည် Golden Mountain Co., Ltd. တွင် Managing Director အဖြစ် ဆောင်ရွက်နေပါသည်။ Golden Mountain Co., Ltd. သည် ၂၂-၁၀-၁၉၉၀ ခုနှစ်မှစတင်၍ နှစ်ပေါင်း (၂၄) နှစ်ကြာ သက်တမ်းရှိသော ကုမ္ပဏီဖြစ်ပါသည်။

ဦးသန်းမြင့်သည် မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းတွင် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

ဦးသန်းမြင့်သည် ပဲတီစိမ်း၊ မတ်ပဲနှင့် အခြားသော ပဲမျိုးမျိုးကို ပြည်ပနိုင်ငံများသို့ တင်ပို့နေသော လုပ်ငန်းကို စီမံဆောင်ရွက်နေသူဖြစ်ပါသည်။

ဦးသန်းမြင့်သည် B.Sc(Physics) ဘွဲ့ရရှိခဲ့ပြီးဖြစ်ပါသည်။



## U San Nyein

### Director

Date of Appointment: 11 September 2012

Last Re-elected: 10 December 2021

ဦးစန်ငြိမ်းသည် ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်ပါသည်။ ဦးစန်ငြိမ်းသည် Ka Ba Kyaw Trading Co., Ltd. တွင် Managing Director အဖြစ် ဆောင်ရွက်နေပါသည်။ Ka Ba Kyaw Trading Co., Ltd. သည် ၁၄-၁၁-၁၉၉၁ ခုနှစ်မှစတင်၍ နှစ်ပေါင်း (၂၄) နှစ်ကြာ သက်တမ်းရှိသော ကုမ္ပဏီဖြစ်ပါသည်။

ဦးစန်ငြိမ်းသည် ရေသန့်စက်နှင့် ရေသန့်စက်အပိုပစ္စည်းများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ ပီနံအိတ်ခွံ များ ထုတ်လုပ်ရောင်းချမှု လုပ်ငန်းများကို အဓိကထား စီမံဆောင်ရွက်နေသူဖြစ်ပါသည်။



## U Wunna Khine

### Director

Date of Appointment: 20 December 2019

Last Re-elected: 07 December 2022

ဦးဝဏ္ဏခိုင်သည် ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်ပါသည်။ ဦးဝဏ္ဏခိုင်သည် Eden Group Co., Ltd. ၏ မန်နေဂျင်းဒါရိုက်တာတစ်ဦးလည်းဖြစ်ပါသည်။ Eden Group Co., Ltd. ကို (၂၅-၉-၁၉၉၁) ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။

ဦးဝဏ္ဏခိုင်သည် Myanmar Thilawa SEZ Holdings Public Co., Ltd. (MTSH) တွင် ဒါရိုက်တာအဖြစ်တာဝန်ထမ်းဆောင်နေပါသည်။ ဦးဝဏ္ဏခိုင်သည် Eden Group Co., Ltd. ၏ ညီနောင်ကုမ္ပဏီများဖြစ်သည့် Eden Energy & Natural Resources Development Co., Ltd. တွင် ဥက္ကဋ္ဌအနေဖြင့်လည်းကောင်း၊ Gold Delta Co., Ltd. တွင် ဒုတိယဥက္ကဋ္ဌအနေဖြင့်လည်းကောင်း၊ Denko Trading Co., Ltd. တွင် မန်နေဂျင်းဒါရိုက်တာအနေဖြင့်လည်းကောင်း၊ Denko Petro Chemical Management Co., Ltd. တွင် မန်နေဂျင်းဒါရိုက်တာအနေဖြင့်လည်းကောင်း၊ Silver Star Banner Co., Ltd. တွင် မန်နေဂျင်းဒါရိုက်တာအနေဖြင့်လည်းကောင်း၊ Eden Hotels & Resorts Co., Ltd. တွင် ဒါရိုက်တာအနေဖြင့်လည်းကောင်း၊ Eden Engineering & Construction Co., Ltd. တွင် ဒါရိုက်တာ အနေဖြင့် လည်းကောင်း၊ Eden Technologies Co., Ltd. တွင် ဒါရိုက်တာအနေဖြင့် လည်းကောင်း တာဝန်ထမ်းဆောင် လျက်ရှိပါသည်။

ဦးဝဏ္ဏခိုင်သည် မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း၏ ဒုတိယဥက္ကဋ္ဌ တစ်ဦး ဖြစ်ပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တွင် ဗဟိုအလုပ်အမှုဆောင်နှင့် မြန်မာနိုင်ငံဆန်စက် လုပ်ငန်းရှင်များအသင်းတွင် တွဲဖက် ဘဏ္ဍာရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

ဦးဝဏ္ဏခိုင်သည် ဆောက်လုပ်ရေးလုပ်ငန်းများ၊ ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်းများ၊ ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်း၊ စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေး ထုတ်ကုန် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသည့် လုပ်ငန်းနှင့် စွမ်းအင်လုပ်ငန်းများ စသည့်နယ်ပယ်အသီးသီးတွင် နှစ်ပေါင်း(၂၀)ကျော် အတွေ့အကြုံရှိသည့် အကြီးတန်းစီမံခန့်ခွဲသူတစ်ဦးဖြစ်ပါသည်။

ဦးဝဏ္ဏခိုင်သည် B.Sc (Geology) ဘွဲ့အား ရန်ကုန်တက္ကသိုလ်မှရရှိခဲ့ပါသည်။



## U Myint Zaw

### Director

Date of Appointment: 11 September 2012

Last Re-elected: 10 December 2021

ဦးမြင့်ဇော်သည် ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်ပါသည်။ ဦးမြင့်ဇော်သည် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် အတွေ့အကြုံ အနှစ် ၂၀ ကျော်ရှိ သည့် လုပ်ငန်းကျွမ်းကျင်သူ တစ်ဦး ဖြစ်သည်။ သူသည် လက်ရှိတွင် Myanmar Thilawa SEZ Holdings Public Co., Ltd. (MTSH) နှင့် MTSH၏ လက်အောက်ခံ ကုမ္ပဏီခွဲ တစ်ခုဖြစ်သော Thilawa Property Development Co., Ltd တို့တွင် အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

ဦးမြင့်ဇော်သည် ကုန်သွယ်မှု လုပ်ငန်းများဖြစ်သည့် လယ်ယာထွက်ကုန်နှင့် စားအုန်းဆီလုပ်ငန်း၊ ယာဉ်အပိုပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ဟိုတယ်နှင့် ဝန်ဆောင်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးနှင့် မြေယာဖွံ့ဖြိုးရေးလုပ်ငန်းများစသည့် လုပ်ငန်းနယ်ပယ်များစွာကို ပါဝင်ခဲ့ပါသည်။ ထို့အပြင် စက်ရုံဂိုဒေါင်ငှားရမ်းခြင်းလုပ်ငန်း၊ လူနေအဆောက်အအုံ စီမံကိန်းလုပ်ငန်းများ၊ ဟိုတယ်နှင့် ယာဉ် အပိုပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းနယ်ပယ်တို့နှင့် ပတ်သက်၍ အတွေ့အကြုံရင့်သန်သူ တစ်ဦးလည်း ဖြစ်ပါသည်။

ဦးမြင့်ဇော်သည် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ စံနှုန်းမီလုပ်ထုံးလုပ် နည်းအသစ်များ (SOP) သတ်မှတ်ခြင်း၊ ကုမ္ပဏီ၏ စည်းမျဉ်းစည်းကမ်းများ (company rules and policy) ၊ အဝယ်တော်ကိစ္စရပ်များ (procurement)နှင့် ပတ်သက်သော မူဝါဒများချမှတ်ခြင်းများ စသည့် ကော်ပိုရိတ် စီမံခန့်ခွဲရေး (corporate governance) တို့တွင်လည်း အတွေ့အကြုံရှိသူတစ်ဦး ဖြစ်ပါသည်။

ဦးမြင့်ဇော်သည် ရန်ကုန်တက္ကသိုလ်မှ B.Sc (Chemistry) ဘွဲ့၊ University of Thai Chamber of Commerce မှ Master of Business Administration (MBA)ဘွဲ့၊ ရန်ကုန်တက္ကသိုလ်မှ Diploma in Business Law (DBL) တို့ကိုရရှိခဲ့ပြီး၊ Singapore Management University (SMU) နှင့် မြန်မာဒါရိုက်တာများ အင်စတီကျူ (MIoD)တို့မှ ပူးပေါင်း ဖွဲ့စည်းထားသော မြန်မာနိုင်ငံတွင် ပထမ ဦးဆုံးကျင်းပသည့် Myanmar Directorship Certification ကို တက်ရောက် ထားသူတစ်ဦးလည်းဖြစ်ပါသည်။



## U Maung Maung Tin

### Director

Date of Appointment: 11 September 2012

Last Re-elected: 07 December 2022

ဦးမောင်မောင်တင်သည် ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်ပါသည်။ ဦးမောင်မောင်တင်သည် All States International Co., Ltd. တွင် Managing Director အဖြစ် ဆောင်ရွက်နေပါသည်။ All States International Co., Ltd. သည် ၁၉၉၁ ခုနှစ်မှစတင်၍ နှစ်ပေါင်း (၃၃) နှစ်ကြာ သက်တမ်းရှိသော ကုမ္ပဏီဖြစ်ပါသည်။

ဦးမောင်မောင်တင်သည် မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းတွင် ဒုတိယဥက္ကဋ္ဌ တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။

ဦးမောင်မောင်တင်သည် ပဲတီစိမ်း၊ မတ်ပဲနှင့် အခြားသော ပဲမျိုးမျိုးကို ပြည်ပနိုင်ငံများသို့ တင်ပို့နေသော လုပ်ငန်း ကို စီမံဆောင်ရွက်နေသူဖြစ်ပါသည်။

ဦးမောင်မောင်တင်သည် ၁၉၈၃ ခုနှစ် B.E (Civil) အင်ဂျင်နီယာဘွဲ့ကို ရရှိခဲ့ပြီး ဖြစ်ပါသည်။



## U Win Lwin

### Director

Date of Appointment: 11 September 2012

Last Re-elected: 10 December 2021

ဦးဝင်းလွင်သည် ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်ပါသည်။ ဦးဝင်းလွင်သည် Kyaw Tha Co., Ltd. ကို ၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ကုမ္ပဏီ၏ Managing Director အဖြစ် Export-Import, Trading/ Manufacturing/ Distribution လုပ်ငန်းများ လုပ်ဆောင်လျက်ရှိပါသည်။

ဦးဝင်းလွင်သည် Myanmar Edible Oil Industrial Public Co., Ltd. တွင် ဒါရိုက်တာအဖွဲ့ဝင်ဖြစ်ပါသည်။

ဦးဝင်းလွင်သည် ၂၀၁၃ ခုနှစ်တွင် Myat Mi Ba Co., Ltd. နှင့် ၂၀၁၄ ခုနှစ်တွင် Myat Mi Ba Construction Group Co., Ltd. တို့ကို ထပ်မံတည်ထောင်ခဲ့ပြီး Myat Mi Ba Group of Companies ၏ ဥက္ကဋ္ဌ တစ်ဦးလည်းဖြစ်ပါသည်။ Group of Companies အနေဖြင့် အထက်ဖော်ပြပါ လုပ်ငန်းများတွင် နှစ်ပေါင်း (၃၀) ကျော် လုပ်ဆောင်လာခဲ့ပြီး လုပ်ငန်းကျွမ်းကျင်၍ အတွေ့အကြုံရင့်သန်သူ တစ်ဦးဖြစ်ပါသည်။

ဦးဝင်းလွင်သည် ဆောင်ရွက်နေသည့် Trading လုပ်ငန်းများအနေဖြင့် လယ်ယာထွက်ကုန်ပစ္စည်းများ ပြည်ပသို့ တင်ပို့ခြင်း၊ ဆောက်လုပ်ရေး လုပ်ငန်းသုံး ပစ္စည်းများ၊ သဘော်ဆေးနှင့် စက္ကူများ တင်သွင်းခြင်းတို့အား ဆောင်ရွက် သည်။

ဦးဝင်းလွင်သည် ဆောင်ရွက်နေသည့် Manufacturing လုပ်ငန်းများအနေဖြင့် Sugar, Corrugated Paper Packaging Carton Box, Umbrella, Detergent Powder & Liquid/Laundry Soaps and Steel Structure လုပ်ငန်း များ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး Construction လုပ်ငန်းများအနေဖြင့် Steel Structure Building, Civil, M & E, Road and Bridge, Piling & Earthwork လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ဦးဝင်းလွင်သည် ၁၉၈၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ B.A (English) ဘွဲ့ကို ရရှိခဲ့ပါသည်။



## U Soe Paing

### Director

Date of Appointment: 11 September 2012

Last Re-elected: 07 December 2022

ဦးစိုးပိုင်သည် ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်ပါသည်။ ဦးစိုးပိုင်သည် Paing Family International Co., Ltd. ၏ မန်နေးဂျင်းဒါရိုက်တာ ဖြစ်ပါသည်။ Paing Family International Co., Ltd. သည် ၅-၈-၂၀၀၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။

ဦးစိုးပိုင်သည် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းတွင် တွဲဖက်အထွေထွေအတွင်းရေးမှူး(၁) အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်တွင် ဗဟိုအလုပ်အမှုဆောင်အဖြစ် တာဝန်ထမ်းဆောင်လျက် ရှိပါ သည်။

ဦးစိုးပိုင် ပါဝင်ဆောင်ရွက်နေသည့် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ ပြည်ပတင်ပို့ခြင်း၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် အထွေထွေကုန်စည်များ တင်သွင်း ဖြန့်ဖြူးခြင်း အပါအဝင် စီးပွားရေးကဏ္ဍမျိုးစုံတွင် လုပ်ငန်းများ ဆောင်ရွက်ပါသည်။



## U Naing Moe

### Director

Date of Appointment: 11 September 2012

Last Re-elected: 20 December 2023

ဦးနိုင်မိုးသည် ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်ပါသည်။ ဦးနိုင်မိုးသည် Shwe Me Group of Companies ၏ ဒါရိုက်တာ တစ်ဦးလည်း ဖြစ်ပါသည်။ Shwe Me Group of Companies သည် ၂၆-၄-၁၉၉၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပါသည်။

ဦးနိုင်မိုးသည် SCG-Shwe Me Logistics (Myanmar) Co., Ltd.၊ Betagro (Myanmar) Co., Ltd. နှင့် I C P Shwe Me Fertilizer Co., Ltd. တို့၏ ဒါရိုက်တာလည်း ဖြစ်ပါသည်။

ဦးနိုင်မိုး ပါဝင်ဆောင်ရွက်နေသည့် ကုမ္ပဏီများသည် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ ပြည်တွင်း/ ပြည်ပ ရောင်းဝယ်တင်ပို့ခြင်း၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် အထွေထွေကုန်စည်များ တင်သွင်းဖြန့်ဖြူးခြင်း၊ ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုပေးခြင်းနှင့် ကျွန်းစိုက်ခင်းများ ထူထောင်ခြင်းအပါအဝင် စီးပွားရေး ကဏ္ဍမျိုးစုံတွင် လုပ်ငန်းများဆောင်ရွက်ပါသည်။

ဦးနိုင်မိုး သည် ၁၉၉၀ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ B.Sc (Chemistry) ဘွဲ့ဖြင့် အောင်မြင်ခဲ့ပါသည်။



## U Aung Naing

### Director

Date of Appointment: 11 September 2012

Last Re-elected: 10 December 2021

ဦးအောင်နိုင်သည် ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်ပါသည်။ ဦးအောင်နိုင်သည် Myanmar Pumin Co., Ltd.၏ မန်နေးဂျင်းဒါရိုက်တာဖြစ်ပြီး Myanmar Pumin Co., Ltd. အား ၁၄-၁-၂၀၀၄ ရက်နေ့တွင် စတင် တည်ထောင်ခဲ့ပါသည်။

ဦးအောင်နိုင်သည် မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းတွင် ဗဟိုအလုပ်အမှုဆောင် အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

ဦးအောင်နိုင် ပါဝင်ဆောင်ရွက်နေသည့် ကုမ္ပဏီသည် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ ပြည်ပတင်ပို့ခြင်းလုပ်ငန်းများဆောင်ရွက်ပါသည်။

ဦးအောင်နိုင်သည် ၁၉၉၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ B.Sc (Physics) ဘွဲ့ဖြင့် အောင်မြင်ခဲ့ပါသည်။



## U Soe Aung

### Director

Date of Appointment: 11 September 2012

Last Re-elected: 20 December 2023

ဦးစိုးအောင်သည် ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်ပါသည်။ ဦးစိုးအောင် Soe Aung Trading Co., Ltd. ၏ မန်နေးဂျင်းဒါရိုက်တာဖြစ်ပြီး Soe Aung Trading Co., Ltd. သည် ၉-၃-၂၀၀၁ ရက်နေ့တွင် စတင် တည်ထောင်ခဲ့ပါသည်။

ဦးစိုးအောင်သည် Baho Pipe Trading လုပ်ငန်းကို ၁၉၉၆ ခုနှစ်မှစတင်၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

ဦးစိုးအောင် ပါဝင်ဆောင်ရွက်နေသည့် Soe Aung Trading Co., Ltd. သည် ပဲအမျိုးမျိုးကို ပြည်ပသို့ တင်ပို့ပြီး ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ပြန်လည်တင်သွင်းဖြန့်ဖြူးရောင်းချနေသည့် ကုမ္ပဏီတစ်ခု ဖြစ်ပါသည်။



## U Thein Han

### Director

Date of Appointment: 11 September 2012

Last Re-elected: 20 December 2023

ဦးသိန်းဟန်သည် ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်ပါသည်။ ဦးသိန်းဟန်သည် Excel Co., Ltd. ၏ မန်နေးဂျင်း ဒါရိုက်တာတစ်ဦးလည်းဖြစ်ပါသည်။ Excel Co., Ltd. သည် ၄-၁၁-၁၉၉၂ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ ပါသည်။

ဦးသိန်းဟန်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း၏ ဗဟိုအလုပ်အမှုဆောင်တစ်ဦး ဖြစ်ပါသည်။

ဦးသိန်းဟန် ပါဝင်ဆောင်ရွက်နေသည့် Excel Co., Ltd. သည် ပဲမျိုးစုံ၊ နှမ်းစသည့် လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်များ ပြည်ပတင်ပို့ခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

ဦးသိန်းဟန်သည် ၁၉၉၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ B.Sc (Physics) ဘွဲ့ဖြင့် အောင်မြင်ခဲ့ပါသည်။



## U Aung Win

### Director

Date of Appointment: 11 September 2012

Last Re-elected: 20 December 2023

ဦးအောင်ဝင်းသည် ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်ပါသည်။ ဦးအောင်ဝင်းသည် Myint Myat Htut Khaung International Group ၏ Group CEO တစ်ဦးလည်းဖြစ်ပါသည်။ Myint Myat Htut Khaung International Co., Ltd. ကို ၁၆-၅-၂၀၁၂ တွင် စတင်တည်ထောင်ခဲ့ပါသည်။

ဦးအောင်ဝင်းသည် BaobaBed Hospitality Co., Ltd. ၏ Founder & Director တစ်ဦးလည်း ဖြစ်ပါသည်။

ဦးအောင်ဝင်းသည် Myanmar Ahla Art Co., Ltd. ၏ Founder & Director တစ်ဦးဖြစ်ပါသည်။

ဦးအောင်ဝင်းသည် Myanmar POL Co., Ltd. ၏ ဒါရိုက်တာတစ်ဦးဖြစ်ပါသည်။ ဦးအောင်ဝင်း သည့် IKBZ Insurance Co., Ltd. ၏ ဒါရိုက်တာတစ်ဦးလည်း ဖြစ်ပါသည်။

ဦးအောင်ဝင်း ပါဝင်ဆောင်ရွက်နေသော ကုမ္ပဏီများသည် စက်သုံးဆီများကို ပြည်ပမှ မှာယူတင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများ၊ မြန်မာ့အနုပညာ ပန်းချီလုပ်ငန်းများနှင့် မြန်မာ့လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ ပြည်ပသို့ တင်ပို့ခြင်း လုပ်ငန်းများ အပါအဝင် စီးပွားရေးကဏ္ဍမျိုးစုံတွင် လုပ်ငန်းများဆောင်ရွက်လျက်ရှိနေပါသည်။



## U Sai Aung Min Latt

### Director

Date of Appointment: 20 December 2023

Last Re-elected: Not Applicable

ဦးစိုင်းအောင်မင်းလတ်သည် ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်ပါသည်။ ဦးစိုင်းအောင်မင်းလတ်သည် Yu Wai Yan Trading Company Limited ၏ မန်နေးဂျင်း ဒါရိုက်တာဖြစ်ပါသည်။ Yu Wai Yan Trading Company Limited သည် ၀၁-၉-၂၀၀၉ ခုနှစ် တွင် စတင်တည်ထောင်ခဲ့ပါသည်။

ဦးစိုင်းအောင်မင်းလတ်သည် 360 Degree Energy Company ၏ မန်နေးဂျင်း ဒါရိုက်တာဖြစ်ပါသည်။ 360 Degree Energy Company သည် ၂၃-၁၀-၂၀၁၇ ခုနှစ် တွင် စတင်တည်ထောင်ခဲ့ပါသည်။

ဦးစိုင်းအောင်မင်းလတ်သည် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၏ အလုပ်အမှုဆောင် တစ်ဦးဖြစ်ပါသည်။

ဦးစိုင်းအောင်မင်းလတ်သည် ၂၀၀၃ ခုနှစ်တွင် မန္တလေးနည်းပညာတက္ကသိုလ်မှ BE(Civil) ဖြင့်အောင်မြင် ခဲ့ပါသည်။

## စီမံခန့်ခွဲရေးအဖွဲ့ဝင်များ (Key Management)

| | | |
|---|---|---|
| ဦးထွန်းလွင် | - | ဥက္ကဋ္ဌ ( Executive Chairman ) |
| ဒေါက်တာမောင်မောင်အေး | - | မန်နေးဂျင်းဒါရိုက်တာ ( Managing Director ) |

## ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးကျင်းပမှု အခြေအနေ (BOD Meeting)

ဒါရိုက်တာအဖွဲ့အနေဖြင့် ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်ချက်များအား စီရင်သုံးသပ်ရန်အတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ဒါရိုက်တာအဖွဲ့အစည်းအဝေးကို ( ၅ ) ကြိမ်၊ Annual General Meeting (၁) ကြိမ်ကျင်းပ နိုင်ခဲ့ပါသည်။

| ဒါရိုက်တာအမည် | ဒါရိုက်တာအဖွဲ့အစည်းအဝေး | | | | | AGM |
|---|---|---|---|---|---|---|
| | ၁/၂၀၂၃-၂၄ | ၂/၂၀၂၃-၂၄ | ၃/၂၀၂၃-၂၄ | ၄/၂၀၂၃-၂၄ | ၅/၂၀၂၃-၂၄ | |
| ဦးထွန်းလွင် | * | * | * | * | * | * |
| ဦးမောင်မောင်အေး | * | * | * | * | * | * |
| ဦးတိုးအောင်မြင့် | * | * | * | * | * | * |
| ဦးနိုင်မိုး | * | | * | * | * | * |
| ဦးစိုးပိုင် | * | * | | * | | * |
| ဦးမင်းကိုဦး | | * | | * | | * |
| ဦးအုန်းဆိုင် | * | | * | * | | * |
| ဦးလှဦး | | * | * | * | | * |
| ဦးစိုင်းဘညာဏ် | | * | | * | | * |
| ဦးဝဏ္ဏခိုင် | * | | | * | * | * |
| ဦးကျော်လင်း | | * | | * | * | * |
| ဦးဇော်မျိုးမင်း | * | | * | * | | * |
| ဦးသိန်းဝင်း | | * | | * | * | * |
| ဦးအောင်နိုင် | * | | | * | | * |
| ဦးမောင်မောင်တင် | | | * | * | | * |
| ဦးစိုးအောင် | | * | | * | | * |
| ဦးသန်းမြင့် | | * | | * | | * |
| ဦးမြင့်ဇော် | * | | * | * | | * |
| ဦးဝင်းလွင် | | | | * | * | * |
| ဦးစန်ငြိမ်း | * | * | * | * | * | * |

| | | | | | | |
|---|---|---|---|---|---|---|
| ဦးသိန်းဟန် | | | | * | * | * |
| ဦးအောင်ဝင်း | * | | | * | | * |
| ဦးစိုင်းအောင်မင်းလတ် | * | * | * | * | * | * |

## မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက် (ဒဿမ) အကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေး ကျင်းပခြင်း (10th AGM)

မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက် (**ဒဿမ**) အကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးအား ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၀) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

(Myanmar Agricultural & General Development Public Co., Ltd (10th) Annual General Meeting Resolution)

| စဉ် | ကြေညာချက်နှင့် ဆုံးဖြတ်ချက်များ | အစည်းအဝေးတက်ရောက်သူများမှ | |
|---|---|---|---|
| | | ရလဒ် | အတည်ပြုမဲ % |
| ၁ | ဒါရိုက်တာအဖွဲ့အစီရင်ခံစာနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဘဏ္ဍာရေး ရှင်းတမ်းနှင့် စာရင်းစစ် အစီရင်ခံစာအား Online ဖြင့် ကြိုတင်ရယူထားသည် တက်ရောက်သည့် အစုရှယ်ယာရှင်များမှ သဘောတူ သဖြင့် အတည်ပြုရန်။ | အတည်ပြုပါသည် | ၈၃% |
| ၂ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်စာရင်းရှင်းတမ်းအရ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဒါရိုက်တာ အဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ အမြတ်ဝေစုအဖြစ် အစုရှယ်ယာရှင်များ ပိုင်ဆိုင်သည့် အစုရှယ်ယာ တစ်စုလျှင် ၅၀၀ ကျပ်နှုန်းဖြင့် ခွဲဝေ ပေးရန်။ | အတည်ပြုပါသည် | ၈၃% |
| ၃ | အများပိုင်ကုမ္ပဏီ ဥပဒေနှင့်အညီ သင်းဖွဲ့စည်းမျဉ်း အပိုဒ် ၈၆ အရ လက်ရှိ ဒါရိုက်တာအဖွဲ့၏ သုံးပုံ တစ်ပုံဖြစ်သော ဒါရိုက်တာ(၇) ဦးမှ နုတ်ထွက်ပြီး ပြန်လည် အဆိုပြုလာသည့် အောက်ပါအစုရှယ်ယာရှင် (၈)ဦးကို ဒါရိုက်တာအဖွဲ့မှ ဒါရိုက်တာအဖြစ် ခန့်အပ်ခြင်းအား Online ဖြင့် ကြိုတင်ရယူထားသည် တက်ရောက်သည့် အစု ရှယ်ယာရှင်များမှ သဘောတူ သဖြင့် အတည်ပြုရန်။<br>(ဒေါက်တာမောင်မောင်အေး၊ ဦးစိုင်းဘဉာဏ်၊ ဦးစိုးအောင်၊ ဦးအောင်ဝင်း၊ ဦးသိန်းဟန်၊ ဦးနိုင်မိုး၊ ဦးဇော်မျိုးမင်း နှင့် ဦးစိုင်းအောင်မင်းလတ်) | အတည်ပြုပါသည် | ၈၃% |

| | | | |
|---|---|---|---|
| ၄ | ဦးတိုးအောင်မြင့်အား လာမည့်နှစ်အတွက် တာဝန်ယူဆောင်ရွက်ရန် လွတ်လပ်သော ဒါရိုက်တာအဖြစ် ခန့်အပ်ရန် ဒါရိုက်တာအဖွဲ့မှ ဆွေးနွေးဆုံးဖြတ်ခဲ့ခြင်းအား Online ဖြင့် ကြိုတင်ရယူထားသည့် တက်ရောက်သည့် အစုရှယ်ယာရှင်များမှ သဘောတူသဖြင့် အတည်ပြုရန်။ | အတည်ပြုပါသည် | ၈၃% |
| ၅ | မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင် လီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ်အဖြစ် Thadar Sin Co., Ltd. အဖွဲ့အား ခန့်အပ်ခြင်းအား Online ဖြင့် ကြိုတင်ရယူထားသည့် တက်ရောက်သည့် အစုရှယ်ယာရှင်များမှ သဘောတူသဖြင့် အတည်ပြုရန်။ | အတည်ပြုပါသည် | ၈၃% |

## ဒါရိုက်တာအဖွဲ့ဝင်များ၏ အစုရှယ်ယာပါဝင်မှုအခြေအနေ (Board of Directors' Interest in Shares)

| No. | Shareholders' Name | No of Shares | Percentage % |
|---|---|---|---|
| ၁ | ဦးထွန်းလွင် | 50,000 | 4.97% |
| ၂ | ဦးမောင်မောင်အေး | 50,500 | 5.02% |
| ၃ | ဦးတိုးအောင်မြင့် | - | - |
| ၄ | ဦးနိုင်မိုး | 56,000 | 5.57% |
| ၅ | ဦးစိုးပိုင် | 31,000 | 3.08% |
| ၆ | ဦးမင်းကိုဦး | 25,000 | 2.49% |
| ၇ | ဦးအုန်းဆိုင် | 10,000 | 0.99% |
| ၈ | ဦးလှဦး | 10,000 | 0.99% |
| ၉ | ဦးစိုင်းဘညာဏ် | 5,000 | 0.50% |
| ၁၀ | ဦးစိုင်းအောင်မင်းလတ် | 25,000 | 2.49% |
| ၁၁ | ဦးဝဏ္ဏခိုင် | 25,000 | 2.49% |
| ၁၂ | ဦးကျော်လင်း | 25,000 | 2.49% |
| ၁၃ | ဦးဇော်မျိုးမင်း | 25,000 | 2.49% |
| ၁၄ | ဦးသိန်းဝင်း | 26,000 | 2.58% |
| ၁၅ | ဦးအောင်နိုင် | 25,000 | 2.49% |
